PDF-XChange Viewer Click to buy NOW! www.docu-track.com



PDF-XChange Viewer Click to buy NOW! www.docu-track.com

## မြန်မာ့နိုင်ငံရေးသမိုင်းလေ့လာချက်

# ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်

တင်နိုင်တိုး



တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော ဗိုလ်ချုပ်အောင်ဆန်း

ကမ္ဘာပေါ်တွင် ပထမဆုံးသော တိုင်းပြည်ပြုလွှတ်တော်ကို ပြင်သစ်နိုင်ငံ၌ ၁၇၈၇ ခုနှစ်မှစတင်ကျင်းပခဲ့သည်။ ပြင်သစ်အမျိုးသားကိုယ်စားလှယ်များပါဝင်သော ညီလာခံကြီးဖြစ်ပြီး ယင်းညီလာခံမှ ၁၇၉၁ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ကိုရေးဆွဲခဲ့ကြသည်။ဤတွင် ဥပဒေပြုလွှတ်တော်နှင့်ကွဲပြားခြားနားမှုရှိစေရန် ၁၇၈၇ခုနှစ်တွင်စတင်ကျင်းပခဲ့သည့် ညီလာခံကို တိုင်းပြည်ပြုလွှတ်တော်ဟု ခေါ်ဆိုကြသည်။

### တိုင်းပြည်ပြုလွှတ်တော်ဟူသည်

တိုင်းပြည်ပြုလွှတ်တော်ဟူသည် တိုင်းပြည်တစ်ပြည်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲရန် ပြည်သူလူထုကရွေးကောက်တင်မြှောက်၍ အခွင့်အာဏာပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်တစ်ရပ်ပင်ဖြစ်သည်။လွှတ်တော်ဟူသောဝေါဟာရသည် ရှေးမြန်မာမင်းများလက်ထက်ကပင်ရှိခဲ့ပြီး မင်း၏အာဏာတော်တည်ရာ နိုင်ငံတော်၏အချက်အချာဌာနကြီး ဖြစ်သည်။မြန်မာနိုင်ငံတွင် ၂၇ ဇန်နဝါရီ ၁၉၄၇ ၌ ချုပ်ဆိုခဲ့သည့် အောင်ဆန်းအက်တလီစာချုပ် စာပိုဒ်(၁)အရ တိုင်းသူပြည်သားများသည် မိမိတို့၏ကံကြမ္မာကိုဖန်တီးနိုင်ရန်အတွက် တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ခဲ့သည်။

### မဲဆန္ဒနယ်နှင့် အမတ်ဦးရေ

တိုင်းပြည်ပြုလွှတ်တော်တွင် အရွယ်ရောက်သူတိုင်း မဲပေးပိုင်ခွင့်ရှိနိုင်မည့်စနစ်ဖြင့် မြန်မာနိုင်ငံသားများကိုသာ ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်သည်။ပြည်မအတွက်ကိုယ်စားလှယ်များကို ၁၉၃၅ခုနှစ်မြန်မာနိုင်ငံတော်အက်ဥပဒေအရပြဋ္ဌာန်းထားသော မဲဆန္ဒနယ်များအတိုင်း တစ်နယ်လျှင် နှစ်ဦးကျစီရွေးချယ်တင်မြှောက်ရန် သတ်မှတ်ပေးခဲ့သည်။ ယင်းနေရာအတွက် အမတ်ဦးရေမှာ ၁၈၂ဦးဖြစ်သည်။ ထို့နောက် အင်္ဂလိပ်မြန်မာကပြား ၄ ဦး၊ကရင်တိုင်းရင်းသား ၂၄ ဦး၊ရှမ်းတိုင်းရင်းသား ၂၃ဦး၊ ကချင် ၇ ဦး၊ချင်း ၇ ဦး၊ ကရင်နီ(ကယား)၂ဦး၊အခြားတောင်တန်းသားများ ၆ ဦး၊စုစုပေါင်း ၂၅၅ ဦးဖြစ်သည်။ယင်း ၂၅၅ နေရာအနက် လူမျိုးစု ၄၅ နေရာကိုချန်လှပ်ပြီး ၂၁၀ နေရာအတွက် ရွေးကောက်တင်မြှောက်ကြရမည်ဖြစ်သည်။

### ရွေးကောက်ပွဲဝင်ပါတီများ

တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲသို့ ဝင်ရောက်ရွေးချယ်ခံကြမည့်ပါတီများမှာအဓိကအားဖြင့် ဖဆပလအဖွဲ့ချုပ်နှင့်ဗမာပြည်ကွန်မြူနစ်ပါတီတို့ဖြစ်ကြသည်။ဖဆပလအဖွဲ့ချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းကဦးဆောင်ပြီးဗမာပြည်ကွန်မြူနစ်ပါတီ(အလံဖြူ)ကိုမူ သခင်သန်းထွန်းကဦးဆောင်ပါသည်။ ဒေါက်တာဗမော်၏ မဟာဗမာအဖွဲ့၊ ဦးစော၏ မျိုးချစ်ပါတီနှင့်သခင်စိုး၏အလံနီကွန်မြူနစ်ပါတီတို့ကရွေးကောက်ပွဲမဝင်ခဲ့ကြပေ။

### မဲဆွယ်စည်းရုံးရေး

တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲအတွက် အဓိကပါတီကြီးဖြစ်သော ဖဆပလအဖွဲ့ချုပ်မှ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်ခဲ့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မြန်မာနိုင်ငံနေရာအနှံ့အပြားသို့ သွားရောက်ဟောပြောခဲ့သည်။ ၁၇ မတ် ၁၉၄၇ တွင် မော်လမြိုင်မြို့ဘုရင်မပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်းကဟောပြောခဲ့ရာတွင် "အခုလာမယ့် တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲအတွက် အမတ်ဖြစ်ချင်တဲ့လူ ၂၀၀၀ကျော်မှာ လက်ရွေးစင် ၁၈၂ ယောက်ရွေးခဲ့တယ်။ အဲဒီ ၁၈၂ ယောက်မှာ ၆၀ကျော်ဟာ မလိမ်မညာတတ်သေးတဲ့ ပြည်သူ့ရဲဘော်လူငယ်တွေချည်းပဲ၊ ကျန်တဲ့လူတွေဟာလည်း အကယ်တစ်နေ့ကျလို့ အင်္ဂလိပ်ကိုချမယ်ဆိုရင် သူပုန်အဖြစ်အကြေညာခံနိုင်ရဲတဲ့လူတွေချည်းပဲလို့ ကျုပ်ယူဆတယ်" ဟူ၍ ဟောပြောခဲ့သည်။

ထို့ပြင် တိုင်းရင်းသားပေါင်းစုံပါဝင်ကြောင်းကိုလည်း "တစ်ပြည်လုံးအတွက် အမတ် ၁၈၂ယောက်မှာ လူမျိုးစုံလည်းပါတယ်။ခင်ဗျားတို့မော်လမြိုင်ရှစ်နေရာမှာတောင်ကရင်၊ ဗမာမူဆလင်၊ မွန်လူမျိုးစုံပါအောင် ကျုပ်တို့ရွေးခဲ့တယ်။ ကျုပ်တို့ရွေးလိုက်တဲ့လူတွေထက်တော်တဲ့လူလည်း ကျန်နေလိမ့်မယ်။ ဒါပေမယ့် ပုဂ္ဂိုလ်စွဲကြည်ညိုမှုကို ကျုပ်မလိုချင်ဘူး။ ဖဆပလအဖွဲ့ကြီးနဲ့ ကျုပ်ကို ရှေးကယုံကြည်ခဲ့သလို၊အားပေးခဲ့သလိုအခုရောနောင်ကိုရောယုံကြည်အားပေးမယ်ဆိုရင်၊ကျုပ်တို့ရွေးလိုက်တဲ့အမတ်လောင်းများကိုတစ်ယောက်မကျန်မဲပေးစေချင်တယ်"ဟုပြောကြားခဲ့သည်။

### အမတ်လောင်းရွေးချယ်ပုံ

ဖဆပလအနေဖြင့် အမတ်လောင်းများရွေးချယ်ပုံနှင့်ပတ်သက်၍ ၁၃ မတ် ၁၉၄၇ တွင် ဗိုလ်ချုပ်အောင်ဆန်းက ရေဒီယိုမှ အသံလွှင့်ရှင်းလင်းပြောကြားခဲ့သည်။ အမတ်ပေါင်း၂၀၀၀ကျော်တွင် ၂၀၀ခန့်ကိုဆန်ခါတင်ရွေးချယ်ခဲ့ရာ၌ ဟင်္သာတဦးမြ၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဦးဗဆွေ၊ ဗိုလ်မှူးအောင်တို့ပါဝင်သောအဖွဲ့က ဦးစွာရွေးချယ်ခဲ့ပြီး သခင်နု၊ မြန်မာ့အလင်းဦးတင်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ပါဝင်သော အဖွဲ့က အပြီးသတ်ရွေးချယ်ခဲ့သည်။

### ကတိစကား

အောင်ဆန်းအက်တလီစာချုပ် စာပိုဒ်(၁)အရ အဆောတလျင်ကျင်းပရန်လိုအပ်နေသော တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ဧပြီ ၁၉၄၇တွင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ရွေးကောက်ပွဲမတိုင်မီ ၇မတ် ၁၉၄၇ ညနေဖနောရီ၃၈မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာ၌ "ယနေ့အထိ ကျွန်တော်ခေါင်းဆောင်လျက်ရှိသော ဖဆပလကိုထောက်ခံအားပေးခဲ့သော ဗမာလူထုကြီးသည် ၁၃၀၈ခုတန်ခူးလဆုတ်၄ရက်(၉-၄-၄၇)နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး၌လည်း ယခုကဲ့သို့ပင် ကြံ့ကြံ့ခိုင်လျက် ထောက်ခံအားပေးမည်ဆိုလျှင် တစ်နှစ်အတွင်းဗမာနိုင်ငံသည်လုံးဝလွတ်လပ်ရေးရမည်ဟု ကျွန်တော် အာမခံဝံ့သည်။ ကျွန်တော်သည် တိုင်းပြည်ကို တစ်ခါဘူးမျှတပတ်မရိုက်ခဲ့သည်ကို လူထုကောင်းကောင်းသိပါသည်။ အထူးရှင်းပြနေစရာမလိုပါ"ဟူ၍ ပြောကြားခဲ့သည်။

### ဆန့်ကျင်သူများ

ရွေးကောက်ပွဲကျင်းပရန်ပြင်ဆင်နေစဉ် ရွေးကောက်ပွဲကို ဆန့်ကျင်သူများလည်း ရှိနေကြသည်။၅ ဧပြီ၁၉၄၇တွင် ဗိုလ်ချုပ်အောင်ဆန်းက အသံလွှင့်ပြောကြားရာ၌ "ရွေးကောက်ပွဲမဖြစ်အောင်ဆိုပြီး သခင်စိုးတို့လူစုဟာ မီးကုန်ယမ်းကုန်လုပ်နေကြပြန်ပြီ။အသက်ငင်နေတဲ့ဗြိတိသျှနယ်ချဲ့သမားတွေဟာ ဖဆပလရဲ့အင်အားကိုဖြိုဖျက်ဖို့နဲ့ ဖဆပလကအပြင်းအထန်ကြိုးပမ်းနေတဲ့ ဗမာ့လွတ်လပ်ရေးကြီးကို ဇာတ်မျောအောင်လုပ်ဖို့အတွက် သုံးစရာအခြားနည်းလမ်းတွေမရှိတော့ဘူး။ဒီလူတွေကိုပဲ အသုံးပြုနေကြတယ်" ဟူ၍ ပြောကြားခဲ့သည်။

အဓိကဆန့်ကျင်ကန့်ကွက်သူများဖြစ်သော ဦးစော၊သခင်ဗစိန်နှင့် ဒေါက်တာဗမော်တို့သည်မဟာမိတ်ဖွဲ့၍ကန့်ကွက်ခဲ့ကြရာယင်းအဖွဲ့ကို စော-စိန်-မော်အဖွဲ့ဟု ခေါ်ဆိုခဲ့ကြသည်။

### ရွေးကောက်ပွဲ

တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ၉ဧပြီ၁၉၄၇တွင်ကျင်းပခဲ့သည်။ဖဆပလက "တစ်နှစ်အတွင်းလွတ်လပ်ရေးရရမည်" ဟူသောကြွေးကြော်သံဖြင့် ရွေးကောက်ပွဲသို့ဝင်ရောက်ခဲ့၏။ဗမာပြည်ကွန်မြူနစ်ပါတီက အစောပိုင်းတွင်အောင်ဆန်းအက်တလီစာချုပ်ကို ရှုတ်ချခဲ့သော်လည်းနောက်ပိုင်းအာဏာရရှိရေးအတွက်"ဖဆပလကွန်မြူနစ်ညီညွတ်ကြ"ဟူသောဆောင်ပုဒ်ဖြင့်ရွေးကောက်ပွဲဝင်ခဲ့သည်။ သခင်စိုး၏ အလံနီပါတီကမူ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ရုံမျှမကအကြမ်းဖက်ဖျက်ဆီးရန်၊မဲရုံများကိုမီးရှို့ရန်ပင်ကြံစည်ခဲ့သည်။ရွေးကောက်ပွဲတွင် ဖဆပလကအပြတ်အသတ်အနိုင်ရရှိခဲ့သည်။

### ရွေးကောက်ပွဲရလဒ်

ရွေးကောက်ပွဲရလဒ်အနေဖြင့် ဖဆပလက (၁၇၂)နေရာ၊ကရင်တိုင်းရင်းသား(၂၄)နေရာ၊ဗမာပြည်ကွန်မြူနစ်ပါတီ(၇)နေရာ၊အင်္ဂလိပ်မြန်မာကပြား (၄)နေရာ၊တစ်သီးပုဂ္ဂလ (၃)နေရာအသီးသီးရွေးချယ်ခံခဲ့ရသည်။မြန်မာတစ်နိုင်ငံလုံး တိုင်းပြုပြည်ပြုလွှတ်တော်အမတ် ၂၅၅ နေရာတွင် ၂၄၃နေရာကို ဖဆပလမှရရှိခဲ့ရာ ၉၅.၃ရာခိုင်နှုန်းရွေးချယ်တင်မြှောက်ခံခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

ရွေးကောက်ပွဲတွင် ကရင်လူမျိုးစုအမတ် ၂၄နေရာလုံး၌ ရွေးချယ်နိုင်ခဲ့ပြီး သံလွင်ခရိုင်မှ ကရင်အမျိုးသားအမတ် ၂ဦး၊ဖဆပလအမတ်အဖြစ်အရွေးခံသူကရင်အမတ်၃ဦးနှင့်ပေါင်းလျှင် စုစုပေါင်းကရင်တိုင်းရင်းသားအမတ်၂၉ဦးပင်ရှိခဲ့သည်။ယင်း၂၉ဦးအနက်အများစုမှာကရင်လူငယ်များအစည်းအရုံးဝင်များဖြစ်ကြသည်။

### ကြားဖြတ်ရွေးကောက်ပွဲ

ရွေးကောက်ပွဲတွင် သခင်နုအနေဖြင့် ဝင်ရောက်အရွေးခံခဲ့ခြင်း မရှိခဲ့ပေ။ သို့သော် တိုင်းပြည်ပြုလွှတ်တော်မြိတ်မဲဆန္ဒနယ်မှ အမတ်ဦးမောင်မောင်ခင်သည် မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဗြိတိသျှအိန္ဒိယရေကြောင်းပိုင်အဒင်ဆင်သင်္ဘောဖြင့် လာရောက်စဉ်ထားဝယ်မြို့အနီးအရောက်တွင် မုန်တိုင်းမိ၍ သင်္ဘောနစ်မြုပ်သွားခဲ့သည်။လစ်လပ်သွားသော မြိတ်မဲဆန္ဒနယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲကို ဖဆပလအဖွဲ့ချုပ်မှ ၂၈နှ၁၉၄၇တွင် ကျင်းပခဲ့ရာ သခင်နုသည် ယှဉ်ပြိုင်မည့်သူမရှိဘဲ ရွေးချယ်ခံခဲ့ရ၏။ သို့ဖြင့် ဖဆပလဒုဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌစသည့် ရာထူးများရရှိလာခဲ့သည်။

### လွှတ်တော်အမတ်များ

တိုင်းပြည်ပြုလွှတ်တော်ရွေးချယ်ခံအမတ်များထဲတွင် နောင်နိုင်ငံရေးလောက၌ ထင်ရှားလာသူများ အများအပြားပါဝင်ခဲ့သည်။ ယင်းတို့အနက်အချို့မှာ ဦးကျော်ငြိမ်း(ပဲခူးတိုင်းပြည်မြို့အမတ်၊ နောင် ဒုဝန်ကြီးချုပ်)ဦးတင်ထွဋ်(ဟင်္သာတခရိုင်၊ နောင်နိုင်ငံခြားရေးဝန်ကြီး)ဦးရာဇတ်(မန္တလေးအရှေ့ပိုင်းအမတ်၊ပညာရေးဝန်ကြီး)၊မြန်မာ့အလင်းဦးတင်(ရန်ကုန်သိမ်ဖြူအမတ်၊နောင်ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီး)၊စဝ်ရွှေသိုက်(နယ်စပ်ဒေသရှမ်းအမတ်၊နောင်သမ္မတ)၊မန်းဝင်းမောင်(ပုသိမ်မြောက်ပိုင်းအမတ်၊နောင်သမ္မတ)၊ ဗိုလ်စိန်မှန်(သာယာဝတီတောင်ပိုင်းအမတ်၊နောင်ဌာနလက်ကိုင်မရှိဝန်ကြီး)စသူတို့ဖြစ်ကြသည်။

### *ကျမ်းကိုး*


၁။ မြန်မာ့နိုင်ငံရေး(ပထမတွဲ) ၁၉၅၈-၁၉၆၂ (ဦးစံငြိမ်းနှင့် ဒေါက်တာဒေါ်မြင့်ကြည်)

၂။ မြန်မာ့ရက်စဉ်သမိုင်း(ဒုတိယတွဲ) သမိုင်းသုတေသနဦးစီးဌာန

၃။ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (၁၉၄၅-၁၉၄၇)

၄။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)


